ကေရာဇ်ကျေးရွာ

ကေရာဇ်ကျေးရွာအုပ်စု၊ ဆင်ပေါင်ဝဲမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကေရာဇ်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၁၈

# မာတိကာ


မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

**၁။ စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကေရာဇ်ကျေးရွာ၏ ကျေးရွာသူ/ သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါ သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည် ၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာ လ ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကေရာဇ်ကျေးရွာ
ဆင်ပေါင်ဝဲမြို့နယ်


ရက်စွဲ - 4.၆.2018
N
W
E
S
ပုံဆွဲသူ - ဦးမြင့်သိန်းနှင့်အဖွဲ့

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

ကေရာဇ်ကျေးရွာသည် ကေရာဇ်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး ဆင်ပေါင်ဝဲမြို့မှ (၂၉)မိုင်အကွာအဝေး ၊ ကိုးပင်မှ (၁၃) ခန့်အကွာအဝေး ၊ အောင်လံမြို့၏ မြောက်ဘက်(၁၇) မိုင်ခန့်အကွာအဝေး ရန်ကုန်-မန္တလေးကားလမ်း၏နံဘေးတွင် တည်ရှိပါသည်။ ကျေးရွာသည် ကုန်းကြောင်းမှ အချိန်မရွေး ရာသီမရွေး ယာဉ်မျိုးစုံဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ အဓိက စိုက်ပျိုးသောသီးနှံများမှာ ပဲမျိုးစုံ ၊ နှမ်း နှင့် ဝါ တို့ ဖြစ်ပါသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကေရာဇ်ကျေးရွာတွင် ချောင်းရှိသော်လည်း လယ်စိုက်ပျိုးရန်အတွက် ရေကို မိုးရေကိုသာ အားထားရပါသည်။ ချောင်းများရှိသဖြင့် သဲ ကို အလွယ်တကူ ရရှိနိုင်ပါသည်။ ကေရာဇ် ကျေးရွာတွင် ကြောင်၊ ယုန် ၊ မြွေ ၊ ရှဉ့် ၊ ကြွက် အစရှိသော သတ္တဝါမျိုးစိတ်များ အထိုက်အလျောက် ရှိသော နေရာဒေသတစ်ခု ဖြစ်ပါသည်။ သဘာဝဆေးဖက်ဝင်အပင်များအနေဖြင့် ဓါးဖြူ ၊ ဖန်ခါး ၊ ဇာမဏီ ၊ ထိကရုန်း ၊ တောရှောက် ၊ ဆင်တုံးမနွယ် ၊ သခွပ်ပင် ၊ မြင်းခွာ အစရှိသော အပင်များ ပေါများ ပါသည်။ ရှား ၊ ကုက္ကို ၊ တမာ ၊ ထနောင်း၊ ဒဟတ် ၊ သန်း ၊ မန်ကျည်း အစရှိသော အပင်များပေါက်ရောက်ပြီး ထိန်းသိမ်းမှု အားနည်းခြင်းနှင့် ထုတ်ယူသုံးစွဲမှု များသောကြောင့် အပင်မျိုးစိတ်များ ရှားပါးလာပြီး တိရိစ္ဆာန်မျိုးစိတ်များလည်း လျော့နည်းလာသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ရပ်မိရပ်ဖအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ အဘိဓမ္မာအဖွဲ့များ ဖွဲ့စည်းထားပြီး လူမှုရေးကဏ္ဍတွင် မီးလင်းရေးကော်မတီ၊ အရန်မီးသတ်တပ်ဖွဲ့ ၊ မိဘဆရာအသင်း ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီ ၊ နာရေးကူညီမှုအသင်းနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ စသည်တို့ ဖွဲ့စည်းထားပါသည်။ ၎င်းအဖွဲ့များမှ ဖွဲ့စည်းထားသော်လည်း အဖွဲ့အလိုက် စီမံကိန်းများဖြင့် ဆောင်ရွက်ခြင်း၊ အဖွဲ့များပေါင်း စပ်ညှိနှိုင်း ဆောင်ရွက်ခြင်း စသည်တို့ အားနည်းလျက်ရှိပါသည်။

ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/ သားကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်း ခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေးပြုလုပ်၍ အစီအစဉ် ရေးဆွဲခြင်း ၊ ညှိနှိုင်းဆောင်ရွက်

ခြင်း၊ လုပ်ငန်းခွင် ကြီးကြပ်ခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီဌာနများ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာအခြေအနေကို ရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း (PRA) တွင် ကျေးရွာ မိသားစုများ၏ ဥစ္စာခနအဆင့် ခွဲခြားမှု နည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျ အားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု (၅၂၅)စု ၏ (၅၇%)ခန့်သည် ဆင်းရဲသည်ဟု ခံယူကြပါသည်။ အိမ်ထောင်စု (၂၃၁)စု ခန့်မှာ ချောင်လည်သည်ဟု ဆုံးဖြတ်ကြပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်ထားသော သူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးလယ်မြေ (၂.၅)ဧက နှင့်အောက် ပိုင်ဆိုင်သောသူများ ၊ ကျပန်းအလုပ်သမားများ ဖြစ်ပါသည်။ ချောင်လည်သော မိသားစုများသည် စိုက်ပျိုးမြေလယ် (၁၂.၅)ဧကနှင့်အထက် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံး စက်ပစ္စည်း ကိရိယာများ ပိုင်ဆိုင်သောသူများဖြစ်ကြသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေး အဆင့်အတန်းနှင့် ချမ်းသားဆင်းရဲ မညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပြီး မြေယာပိုင်ဆိုင်မှုရှိသော်လည်း ရာသီဥတု ဖောက်ပြန်ခြင်း ၊ ပိုးမွှားကျရောက်ပျက်ဆီးခြင်း ၊ လုပ်သားရှားပါးခြင်းနှင့် စျေးနှုန်းကြီးမားခြင်း ၊ သွင်းအားစုများ ထည့်သွင်းအသုံးပြုမှုစရိတ် မြင့်မားခြင်းနှင့် စျေးကွက်မတည်ငြိမ်ခြင်း အစရှိသော အခက်အခဲများကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူများမှာ ကြွေးမြီများတင်ရှိကာ စီးပွားရေး အကြပ်အတည်းနှင့် ရင်ဆိုင်နေရသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများအနေဖြင့် အနီးဆုံးစျေးနှင့် အကြီးစား စျေးကွက်အဖြစ် ကျေးရွာမှ (၁၇) မိုင် ခန့်အကွာရှိ အောင်လံမြို့ စျေးသို့သွားရောက်ကြပါသည်။ ကျေးရွာတွင်းလမ်း များမှာ အရှည် (၁) မိုင်ခန့်ရှိပြီး ကျောက်ခင်းလမ်း အမျိုးအစား ဖြစ်ပါသည်။ ရွာချင်းဆက်လမ်းမှာ မြေသားမြေနီခင်းလမ်း ဖြစ်ပြီး မိုးတွင်းအခါတွင် လမ်းများပျက်စီးကာ သွားလာရေး အခက်အခဲရှိ ပါသည်။ ကေရာဇ်ကျေးရွာ သည် ရန်ကုန်-မန္တလေးလမ်းမကြီး နံဘေးတွင် တည်ရှိသဖြင့် ရာသီမရွေး ၊ အချိန်မရွေး ယာဉ်မျိုးစုံဖြင့် သွားလာရေးလွယ်ကူပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား ဆောင်ရွက်သည့်အတွက် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ကား ၊ ဆိုင်ကယ်တို့ဖြင့် အဓိက အသုံးပြုကြပါသည်။ ကျေးရွာ တွင် လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ဆဲဖြစ်ပါသည်။ ဆိုလာမီးဖြင့် သုံးစွဲသူ

အိမ်ထောင်စု၏ (၂၅၁)စု၊ ဘတ္တရီမီးအသုံးပြုသူ အိမ်ထောင်စု (၂၂၉)စု နှင့် အခြားမီးလင်းရေး သုံးစွဲသူအိမ်ထောင်စု(၄၈)စု ရှိပါသည်။ သတင်းအချက်အလက်များကို ရေဒီယို ၊ တီဗွီ ၊ စလောင်းများမှ အဓိက ရယူသုံးစွဲကြပြီး ဖုန်း အသုံးပြုသူများသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီသည့် ကျေးရွာ ဖြစ်ပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် ရေတွင်းမှရေကိုသာ အဓိကထား၍ သောက်ရေနှင့်သုံးရေ ကို အသုံးပြုကြသည်။ အဝီစိ စက်ရေတွင်းမှ ရေသည် (ရေငန်) ဖြစ်သောကြောင့် သုံးရေအဖြစ်သာ အသုံးပြုသည်။ ရေကန်များမှရေကို တိရစ္ဆာန်များ သောက်ရန်အတွက် အသုံးပြုပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယာတစ်ဧကလျှင် (၅၀၀၀၀)ကျပ်နှင့် လယ်တစ်ဧကလျှင် (၁၀၀၀၀၀)ကျပ်နှုန်းကို ပုံစံ(၇)အပေါင်ထား၍ ချေးယူရပါသည်။ဧကများစွာပိုင်ဆိုင် မှုရှိသော်လည်း အများဆုံး(၁၀)သိန်းအထိသာ ချေးပါသည်။ ချေးငွေမလုံလောက်သော တောင်သူများ အနေဖြင့်ပြင်ပမှ အတိုးကြီးပေး၍ ချေးယူရပါသည်။

သမဝါယမဘဏ်မှ ချေးယူသူများ လည်းရှိပါသည်။ စိုက်ပျိုးရေးအတွက် သုံးစွဲရန် လယ်ထွန်စက် များ ကိုလည်းသမဝါယမဘဏ်နှင့် ချိတ်ဆက်၍ အရစ်ကျဝယ်ယူသူများလည်းရှိပါသည်။

ကျေးရွာတွင် Pact Myanmar အဖွဲ့မှ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အရောင်းအဝယ်ပြုလုပ်ရန် ချေးယူသူများရှိရာ စိုက်ပျိုးစရိတ်ချေးငွေများကို (၁၄)ရက်(၁)ကြိမ်အတိုးနှုန်းများ ကို ပုံမှန်ပေးသွင်းပြီး (၅)လ အကြာတွင် အကြေအလည် ပေးဆပ်ရပါသည်။မွေးမြူရေးနှင့် ရောင်းဝယ်ရေး အတွက် ချေးယူငွေများကို ချေးယူငွေ အတိုး၊အရင်းပေါင်း၏ ၄% ကို (၁၄)ရက်တစ်ကြိမ်ပေးသွင်းရ ပါသည်။ (၂၅)ကြိမ်ပြည့်လျှင် အကြေအလည်ပေးဆပ်ပြီး ဖြစ်ပါသည်။

(င) ပညာရေး

ကျေးရွာတွင် အထက်တန်းကျောင်း (၁) ကျောင်းရှိပြီး မူလတန်း ကျောင်းသားဦးရေ(၂၀၉)ဦး ၊ အလယ်တန်းကျောင်းသားဦးရေ(၁၅၇)ဦး၊ အထက်တန်းကျောင်းသားဦးရေ(၉၆)ဦးရှိပါသည်။ ဆရာ (၃) ဦးနှင့် ဆရာမ (၁၆) ဦး စုစုပေါင်း (၁၉) ဦးရှိပါသည်။ ကျောင်းသုံးပရိဘောဂ မှာ လုံလောက်မှု မရှိပါ ။ အာဟာရတိုက်ကျွေးမှုမှာ မရှိသလောက်ရှားပါသည်။တက္ကသိုလ် ကျောင်းသားများသည် မကွေးမြို့ သို့ သွားရောက်တက်ရောက်ပါသည်။

(စ) ကျန်းမာရေး

ဇကရာဇ်ကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် ရာသီအလိုက်ဖျားနာခြင်း၊ အအေးမိခြင်း နှင့် ဆီးချို၊ သွေးတိုးရောဂါများသာ ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိပြီး သားဖွားဆရာမ (၁)ဦးသာ ရှိပါသည်။သားဖွားကိစ္စနှင့် သာမန်ဖျားနာခြင်းများသာ ကျေးလက်ဆေးခန်းတွင်ပြသကြပြီး ကျန်းမာရေးအခက်အခဲရှိပါက ကျေးရွာမှ (၁၄) မိုင်ခန့် အကွာရှိ အောင်လံမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူကြပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ် တွေ့ကြုံခံစားကြရပါသည်။ မိုးခေါင်ခြင်းကြောင့် တောင်သူများ၏ စိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်းတို့ကို ခံစားရပါသည်။ ယာမြေများတွင် နှစ်ရှည်ပင်များ စိုက်ပျိုးရန်သင့်တော်ပါသည်။ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးသီးနှံများတွင် ရောဂါပိုးမွှားကျရောက်မှုများပါသည်။ မြေဆီလွှာထိန်းသိမ်းမှုအားနည်းခြင်းကြောင့် မြေဆီလွှာခမ်းခြောက်မှု နှင့် တွေ့ကြုံနေရပါသည်။သစ်တောများခုတ်ထွင်ရှင်းလင်း မှုများကြောင့်ထင်းနှင့်မီးသွေးလောင်စာများရှားပါးလာပါသည်။ကျေးရွာအနီး ပတ်ဝန်းကျင်တွင် တောဇီးဖြူ ၊ ထိကရုန်း ၊မြင်းခွါရွက်ပင်များ ပေါက်ရောက်မှုပိုမိုများပြားလာပါသည်။

(ဇ) ကျား – မ ရေးရာ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သော မိခင်နှင့် ကလေးစောင့်ရှောက်ရေး ၊ ကျေးရွာ ပရဟိတအသင်း၊ ဂွတ်နေးဘား(စ်) ၊ ပက် စသည့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက် ကြပါသည်။ ထို့ပြင် ဘာသာရေးအဖွဲ့များဖြစ်သည့် ဓမ္မစကြာအသင်း ၊ ပရိတ်အသင်း အဖွဲ့များ တွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၅။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | လမ်းတံတား၊ လျှပ်စစ် | ကျေးရွာတွင်းလမ်းပြုပြင်ခြင်း | ၁ |
| ၂ | ကျန်းမာရေး | လူနာတင်ယာဉ်ရရှိရေး | ၂ |
| ၃ | လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး | မီးသတ်ရေယာဉ် နှင့် ရေသယ်ကားရရှိရေး | ၃ |
| ၄ | ငွေကြေး | မြစိမ်းရောင်ကျေးရွာ စီမံကိန်းရရှိရေး | ၄ |
| ၅ | လူငယ်ဖွံ့ဖြိုးရေး | ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ခြင်း | ၅ |
| ၆ | လူငယ်ဖွံ့ဖြိုးရေး | အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ခြင်း | ၆ |
| ၇ | လူငယ်နှင့် အားကစား | အားကစားကွင်း ဆောက်လုပ်ခြင်း | ၇ |

နောက်ဆက်တွဲ (၁)

ကေရာဇ်ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|
| ကျေးရွာတွင်းလမ်း မကြီးပျက်စီးနေခြင်း | (၁)မိုးရာသီတွင်သွားလာရန်ခက်ခဲ ခြင်း<br>(၂) ရေပုတ်၊ ရေဆိုးများ ဝပ်နေခြင်း<br>(၃) ခြင်များအလွယ်တကူပေါက်ဖွားနေပြီးခြင်အန္တရာယ်ရှိခြင်း | (၁) ကျေးရွာမှ လုပ်အားပူးပေါင်း ပါဝင် ဆောင်ရွက်နိုင်ခြင်း<br>(၂) လမ်းခင်းကျောက်များ အလွယ်တကူရရှိနိုင်ခြင်း | (၁)ငွေကြေးမလုံလောက်ခြင်း<br>(၂)မတည်အလှူရှင်မပေါ်ပေါက်ခြင်း<br>(၃) အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းခြင်း | (၁) သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ရန်<br>(၂) ကော်မတီဖွဲ့စည်းရန် | ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်း |
| လူနာတင်ယာဉ် လိုအပ်ခြင်း | (၁)အရေးပေါ်အခြေများတွင် ကားစောင့်ဆိုင်းရ၍ အချိန်မီ မကုသနိုင်ခြင်း<br>(၂) မြို့နယ်ဆေးရုံနှင့် အလှမ်းဝေးခြင်း | (၁) ကျေးရွာလူထုမှ စိတ်အားထက်သန်ခြင်း<br>(၂) ယာဉ်မောင်းကျွမ်းကျင်သူများရှိခြင်း | (၁) ငွေကြေးလုံလောက်မှုမရှိခြင်း၊<br>(၂)မတည်အလှူရှင်မရှိခြင်း | (၁) ငွေကြေးထောက်ပံ့ပေးနိုင်မည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>(၂)အသင်းအဖွဲ့ဖွဲ့စည်း၍ အလှူငွေ ကောက်ခံခြင်း | လူနာတင်ယာဉ် ရရှိရေး |
| မီးသတ်ရေယာဉ် နှင့် ရေသယ်ကား ရရှိရေး | (၁)ကျေးရွာလုံခြုံရေး အတွက် လိုအပ်ခြင်း<br>(၂)ကျေးရွာတွင်ဂါလံ (၆၀၀)ဆံ့ မီးသတ်ကားတစ်စီးသာရှိပြီး | (၁) မီးသတ်အဆောက်အဦ ရှိခြင်း<br>(၂)မော်တော်ယာဉ်မောင်းနှင်နိုင်မည့်စေတနာ့ဝန်ထမ်း ဒရိုင်ဘာ ရှိခြင်း | (၁) ငွေကြေးလုံလောက်မှုမရှိခြင်း၊<br>(၂)မတည်အလှူရှင်မရှိခြင်း | (၁) သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>(၂) အလှူငွေကောက်ခံခြင်း | မီးသတ်ရေယာဉ် နှင့် ရေသယ်ကား ရရှိရေး |

| | | | | | |
|---|---|---|---|---|---|
| | ၊ရေသယ်ယာဉ်မရှိခြင်း | | | | |
| ငွေကြေးအရင်းအနှီးလိုအပ်ခြင်း | (၁)ကျေးရွာတွင်အတိုးနှုန်းကြီးသောချေး ငွေများသာရှိခြင်း (၂) အစိုးရစိုက်ဘဏ်မှထုတ်ချေးပေးသော်လည်း ချေးငွေရရှိမှုနည်းပါးခြင်း | (၁) ကျေးရွာလူထုမှ စိတ်အားတက်ကြွခြင်း၊ (၂) ငွေကြေးအရင်းအနှီးရရှိပါက မှန်ကန်စွာ လည်ပတ် သုံးစွဲနိုင်ခြင်း၊ | (၁) ကျေးရွာပိုင်ငွေကြေး (ရန်ပုံငွေ) မရှိခြင်း၊ (၂) အတိုးနှုန်း သက်သာစွာချေးငွေထုတ်ပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု မရှိခြင်း | (၁) သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် (၂) ငွေစုငွေချေး ကော်မတီဖွဲ့စည်း၍ မတည်ငွေ ကောက်ခံရန် | ငွေကြေးအရင်းအနှီး ရရှိရေး |
| ကျေးရွာစာကြည့်တိုက်လိုအပ်ခြင်း | (၁) လူငယ်များအသိပညာဗဟုသုတအားနည်းလာခြင်း (၂) လူငယ်များ စာဖတ်အားလျော့နည်းလာခြင်း | (၁) စာကြည့်တိုက် ဆောက်လုပ်ရန်မြေနေရာရှိခြင်း (၂) စာအုပ်စာပေလှူဒါန်းမည့် အလှူရှင်များရှိခြင်း (၃) စာဖတ်လေ့လာမည့်ကျောင်းသားလူငယ်များရှိခြင်း | (၁) ငွေကြေးလုံလောက်မှုမရှိခြင်း (၂) အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု မရှိ ခြင်း | (၁) ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းခြင်း၊ (၂) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ခြင်း |
| အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ရန်လိုအပ်ခြင်း | (၁) ကျောင်းမနေပြင်ပလူငယ်များ အလုပ် အကိုင်အခွင့်အလမ်းရရှိစေရန် (၂) လူငယ်များစွမ်းဆောင်ရည်တိုးတက်စေရန် | (၁) စိတ်ပါဝင်စားသည့်လူငယ်များရှိနေခြင်း (၂) သင်တန်းဖွင့်လှစ်မည့်နေရာရှိခြင်း | (၁)ကျွမ်းကျင်သည့် သင်တန်း နည်းပြ ဆရာများ နှင့် ချိတ်ဆက်ဆောင်ရွက်ရန် အားနည်းခြင်း (၂) သင်တန်းဖွင့်လှစ်ရန် ငွေကြေး၊ နည်းပညာ မရှိခြင်း | (၁) သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း (၂) သင်တန်းတက်ရောက်လိုသည့် သူများစုပေါင်း၍ သင်တန်းဖွင့်လှစ်နိုင်ရေး စီမံ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| | | | | ဆောင်ရွက်ခြင်း | |
| အားကစားကွင်း ရရှိရေး | (၁)အားကစားကွင်း ပြုလုပ်ရန် မြေနေရာ မရှိခြင်း<br>(၂)ရန်ပုံငွေမရှိခြင်း | (၁)ကျေးရွာ လူငယ် များမှ လုပ်အားစိုက်ထုတ်ပေး နိုင်ခြင်း | (၁) ဘောလုံးကွင်း အတွက် မြေနေရာ အလှူရှင်မရှိခြင်း<br>(၂) ငွေကြေးလုံလောက်မှု မရှိခြင်း | (၁) မြေနေရာ ရရှိနိုင် ရေးဆောင်ရွက်ခြင်း | အားကစားကွင်း ဆောက်လုပ်ခြင်း |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၃ | ၆ | ၁၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၅၁ | ၃၈ | ၈၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၉၁ | ၇၅ | ၁၆၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၁၄ | ၈၃ | ၁၉၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၃၇ | ၇၇၃ | ၁၅၁၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၆၈ | ၁၁၂ | ၁၈၀ |
| စုစုပေါင်း | | ၁၀၇၄ | ၁၀၈၇ | ၂၁၆၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၅၂၅ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်**

(၁) ဧကရာဇ်ကျေးရွာတွင် အိမ်ထောင်စု(၅၂၅) စု၊လူဦးရေမှာ ကျား(၁၀၇၄)ဦး၊ မ (၁၀၈၇)ဦး စုစုပေါင်း (၂၁၆၁)ဦး ရှိပါသည်။

(၂) (၁) အိမ်ထောင်စုလျှင် ပျမ်းမျှလူဦးရေမှာ (၄.၁၂) ဖြစ်သဖြင့် မြန်မာနိုင်ငံရှိ တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေအောက် နည်းသည်ကို တွေ့ရပါသည်။

(၃) နို့စို့အရွယ်ကလေးနှင့် (၅) နှစ်အောက်ကလေးနည်းသည်။

(၄) ကျောင်းနေအရွယ်ကလေး(၁၆၆)ဦးရှိပြီး ယောက်ျားလေးဦးရေသည် မိန်းကလေးဦးရေထက် များသည်။

(၅) ပညာသင်ရမည့်အရွယ်များရှိသော်လည်း အချို့မှာငွေကြေးအဆင်မပြေမှုကြောင့် ပညာမသင်ရပါ ။

(၆) သက်ကြီးရွယ်အို အချို့သည် ခိုကိုးရာမဲ့ မိသားစုများဖြစ်သည်။

### (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၈၈.၅ | သင့် | အနည်းအကျဉ်း | မိုးကောင်းသောက် |
| ယာမြေ | ၁၂၀၇.၃ | သင့် | အနည်းအကျဉ်း | မိုးကောင်းသောက် |
| ဥယျာဉ်ခြံမြေ | - | - | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | ၁၂ | သင့် | မရ | မိုးကောင်းသောက် |
| သစ်တောမြေ | ၁၅၃၂ | သင့် | အနည်းအကျဉ်း | မိုးကောင်းသောက် |
| စုစုပေါင်း | ၂၈၃၉.၈ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။** ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) ဧကရာဇ်ကျေးရွာသည် လယ်ဧက (၈၈.၅)ဧက ခန့်ရှိသော်လည်း စိုက်ပျိုးရာတွင် ရေရရှိမှုမရှိဘဲ မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပါသည်။

(၂) ယာဧက (၁၂၀၇.၃)ဧက ရှိသော်လည်း ကျောက်ကုန်း၊ လျှိုမြောင် ၊ ချိုင့်ဝှမ်းများဖြင့် ညီညာပြန့်ပြူးသောယာမြေမှာ နည်းပါသည်။ မိုးကောင်းသောက် ယာများဖြစ်သည့်အလျောက် ရာသီဥတုမမှန်ကန်ခြင်း ၊ လုပ်သားရှားပါးခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့် လုပ်ကိုင်သူနည်းလာပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | - |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | ခက် |
| ပျှမ်းမျှအပူချိန် - ၃၇ 'C | ပျှမ်းမျှ မိုးရေချိန် - ၉.၁၄ လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) ဧကရာဇ်ကျေးရွာတွင် တောနေတိရစ္ဆာန်မျိုးစိတ်များ နှင့် အပင်မျိုးစိတ်များ အသင့်အတင့်ရှိသော်လည်း အသုံးပြုနိုင်မှု တွင် ခက်ခဲပါသည်။

### (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူ အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူအဖွဲ့သည် ကျေးရွာနှင့် ပတ်သက်သော ကျန်းမာရေး၊ဘာသာရေး နှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများကို ညီညာခိုင်မာစွာ ဆောင်ရွက်သည်။ |
| ၂ | ပရဟိတအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ပရဟိတအဖွဲ့သည် ဘာသာရေး ၊ လူမှုဖွံ့ဖြိုးရေးတာဝန်များကို ညီညာတက်ကြွစွာဆောင်ရွက်ကြပါသည်။ |
| ၃ | မီးသတ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ဤအဖွဲ့သည် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကို တက်ကြွစွာ ဆောင်ရွက်ကြပါသည်။ |
| ၄ | မီးလင်းရေး ကော်မတီအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာတွင် မီးလင်းရေး ရန်ပုံငွေရရှိရေး ဆောင်ရွက်ပေးပါသည်။ |
| ၅ | မိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | မိခင်နှင့် ကလေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။**

(၁) ဇေရာဇ်ကျေးရွာတွင် ကျေးရွာတွင်း အဖွဲ့အစည်းပေါင်း (၅)ဖွဲ့ ရှိသည်ကို တွေ့ရှိရပါ သည်။ ၎င်းအဖွဲ့အစည်းများကို ကျေးရွာလူထု သဘောဆန္ဒအရ ဖွဲ့စည်းထားပါသည်။ အဖွဲ့အစည်း

အားလုံးသည် အဖွဲ့အစည်းမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာလျက် ဤကျေးရွာ၏ ဘာသာရေး၊ ကျန်းမာရေး ၊ ငွေကြေးလုပ်ငန်း ၊ လုံခြုံရေးနှင့် ကာကွယ်ရေး လုပ်ငန်းများကို စည်းလုံးညီညာစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြပါသည်။

(၄) **စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

(၄.၁) **ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧက နှင့်အထက် | (၉-၅) ဧကကြား | ၅ ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ၊ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုး | ပျဉ်ထောင်ပျဉ်ခင်း ၊ သွပ်မိုး | ထရံကာ ၊ ပျဉ်ခင်း၊ သွပ်မိုး | ထရံကာ၊ ကြမ်းခင်း၊ သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ၊ နွားလှည်း | နွားလှည်း၊ ထွန်၊ ထယ် | နွား၊ ထွန်၊ ထယ် | တံစဉ်၊ တူးရွင်း၊ ပေါက်တူး၊ ဓါး၊ ဂေါ် |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး၊ မွေးမြူရေး | စိုက်ပျိုးရေး | စိုက်ပျိုးရေး၊ ကျပန်း | ကျပန်း၊ ဈေးသည် |
| **အိမ်ထောင်စု** | ၂၈ | ၂၀၃ | ၂၇၁ | ၂၆ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။**

(၁) အထက်ပါဇယားသည်ကျေးရွာလူထု၏ပိုင်ဆိုင်မှုနှင့်ဝင်ငွေအပေါ်မူတည်၍ ခွဲခြားထားခြင်း ဖြစ်ပါသည်။

(၂) ကျေးရွာအိမ်ထောင်စု (၅၂၈) စုတွင် အဆင်ပြေသော အိမ်ထောင်စု (၂၈)စု ၊အလယ်အလပ် ရှိသောအိမ်ထောင်စု(၂၀၃)စု၊မပြေလည်သောအိမ်ထောင်စု(၂၇၁)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု (၂၆) စု တို့ ရှိပါသည်။

(၃) အလွန်မပြေလည်သော အိမ်ထောင်စုများသည် မှီခိုမဲ့သော သက်ကြီးရွယ်အိုများဖြစ်သည်။

(၄.၂) **သီးနှံထုတ်လုပ်ရေး**

(၄.၂.၁) **စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၆ | ၄.၉၀ % | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | - | - | ဆင်းရဲသားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၇၁ | ၅၁.၃၀ % | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၂၀၃ | ၃၈.၅၀ % | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၂၈ | ၅.၃၀% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၅၂၈ | ၁၀၀ % | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)**

(၁) ဥစ္စာဓနအဆင့် (၃) နှင့် (၄) ရှိ အိမ်ထောင်စုများသည် မြေယာမဲ့နှင့် (၅)ဧကအောက် တောင်သူငယ်များဖြစ်ပြီး အိမ်ထောင်စု (၂၉၇)စု (၅၇%) ရှိသည်။ အဓိက လုပ်ငန်းအနေဖြင့် ကျပန်းလုပ်ငန်း နှင့် ဈေးရောင်းခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ မှီခိုမဲ့သော သက်ကြီး ရွယ်အိုများလည်းပါဝင်ပါသည်။

(၂) ဥစ္စာနအဆင့် (၂) ရှိ အိမ်ထောင်စု (၂၀၃) စုရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၃၈%) ရှိပါသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင် ကြပါသည်။

(၃) ဥစ္စာနအဆင့် (၁) ရှိ အိမ်ထောင်စု (၂၈) စု ရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၅%) ရှိပါသည်။အဓိကအသက်မွေးကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

(၄) မြေယာမဲ့ လက်လုပ်လက်စား အခြေခံလူတန်းစားများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်ရမှသာ ဝင်ငွေရရှိပြီး အခြားဝင်ငွေရ လုပ်ငန်းများမှာ အခွင့်အလမ်းနည်းပါသည်။

**(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း**

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| ပဲ | ၁၈၇ | တင်း | ၃၀ | ၅၀ | ၄၀ | သင့် |
| နှမ်း | ၈၀၂ | တင်း | ၃ | ၁၅ | ၉ | သင့် |
| ဝါ | ၅၆၂ | ပိဿာ | ၁၀၀ | ၄၀၀ | ၂၅၀ | သင့် |
| ပဲမျိုးစုံ | ၁၁၅၀ | တင်း | ၅ | ၁၅ | ၁၀ | နည်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ပဲ နှင့် နှမ်းကို မိုးဦးတွင် အဓိကထား စိုက်ပျိုးကြပါသည်။

(၂) သီးနှံစိုက်ပျိုးထုတ်လုပ်မှုများပြားသော်လည်း သီးနှံဈေးနှုန်းများ ကျဆင်းနေမှုကြောင့် တောင်ယာအကျိုးအမြတ်နည်းပါးသည့်အပြင် တောင်သူများ အရှုံးပေါ်နေကြပါသည်။

(၃) မိုးလေဝသမမှန်ကန်ခြင်းနှင့် မျိုးကောင်းမျိုးသန့် မရရှိခြင်းကြောင့် သီးနှံထွက်နှုန်းများ ကျဆင်းသည့်အတွက် တောင်သူများ အကျိုးအမြတ်ရရှိမှု နည်းပါးကြပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၉၉ | ၈၂၆ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၇ | ၁၀၈ |
| သိုး | - | - |
| ဝက် | ၁၇ | ၂၄ |
| ကြက် | ၂၂၀ | ၁၄၇၁ |
| ဘဲ | - | - |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုစွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) နွားများကို လယ်ယာလုပ်ငန်းအတွက် အဓိကထားမွေးမြူကြပါသည်။

(၂) ကြက် ၊ ဝက် ၊ တို့ကို စီးပွားဖြစ် မွေးမြူခြင်းမျိုးမဟုတ်ဘဲ တစ်ပိုင်တစ်နိုင် မွေးမြူကြခြင်းသာ ဖြစ်ပါသည်။

(၃) ဥစားကြက်မွေးမြူရေးလုပ်ငန်းအား တစ်ပိုင်တစ်နိုင် စီးပွားဖြစ်လုပ်ငန်းအဖြစ် မွေးမြူသူ (၁) ဦးသာ ရှိပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | ၂ | ၁၅၀ | - | လတ်- (လမ်းခင်းကျောက်ခွဲစက် လုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ကြပါသည်။) |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | - | - | - | - |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၂ | - | ၂ | လတ် (ဆိုင်ကယ်ပြင်ဆိုင် လုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ပါသည်။) |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၂၀ | - | ၂၀ | လတ် (အိမ်ကုန်စုံဆိုင် များဖြစ်ကြသည်။) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၂ | ၆ | ၃ | လတ် (ထမင်း၊ဟင်း ရောင်းသော ဆိုင်များဖြစ်ပါသည်။) |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁၂ | ၁၈ | ၁၂ | လတ် ( လိုင်းပြေးဆွဲသော ကားများ ဖြစ်ပါသည်။) |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၆ | ၃ | မြင့် (ဘော်ဒါဆောင်လုပ်ငန်း ဖြစ်ပါသည်။) |

| | | | | | |
|---|---|---|---|---|---|
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၂၂၀ဦး | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ကျောက်ခွဲစက်ဖြင့် လမ်းခင်းကျောက်ထုတ်လုပ်ရေးလုပ်ငန်း(၂)ခုရှိပြီး လုပ်သား(၁၅၀)ဦးဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

(၂) ဇကရာဇ်ကျေးရွာတွင် အိမ်ဆိုင်ရောင်းဝယ်သူ (၂၀)ဦးရှိပြီးကုန်စုံဆိုင်နှင့် မုန့်ဆိုင်များဖြစ်ပါသည်။

(၃) ပို့ဆောင်ရေးလုပ်ငန်းအတွက်ကျေးရွာတွင်ကား(၁၂)စီးရှိပြီးအောင်လံမြို့နှင့်မကွေးမြို့များသို့ပြေးဆွဲပါသည်။

(၄) ကျေးရွာတွင်ပညာရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သူ (၁)ဦးရှိပြီး ဘော်ဒါဆောင် ဖွင့်လှစ်ထားရှိပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | အောင်လံမြို့ | အောင်လံမြို့ |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☑ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☑ ၅၁ မှ ၁၀၀ ☐၁၀၀ မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ကုန်စည်ဝန်ဆောင်မှုနှင့် ဈေးကွက်လက်လှမ်းမီမှု အခြေအနေမှာ ဇကရာဇ်ကျေးရွာမှ ထွက်ရှိသောလယ်ယာထုတ်ကုန်ပစ္စည်းများကို အနီးဆုံးမြို့ဖြစ်သောအောင်လံမြို့သို့ ကား၊ဆိုင်ကယ် အသုံးပြု၍ ရောင်းဝယ်ဖောက်ကားကြပါသည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☐ ၂ ☑ ၃ ☐<br>၄ ☐ ၅ ☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☑<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ☑ ၂ ☐ ၃ ☐<br>၄ ☐ ၅ ☐ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☑ | ၀–၁ မိုင်☑<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ☑ ၂ ☐ ၃ ☐<br>၄ ☐ ၅ ☐ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☑<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☑<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်**

(၁) ဧကရာဇ်ကျေးရွာသည် အိမ်ထောင်စု (၅၂၈)စု နေထိုင်ပါသည်။ ရွာတွင်းလမ်းအနေဖြင့် ကျောက်ခင်းလမ်းကိုသာ အဓိကထားသုံးစွဲနေပါသည်။ လမ်းမြေနေရာ မညီညာမှုကြောင့် ရေတိုက်စားသဖြင့် တစ်နှစ်လျှင် (၄-၅)ကြိမ်ခန့် ပြုပြင် သွားလာရပါသည်။ ၎င်းလမ်းအား အဆင့်မြှင့်တင်ပေးမည် ဆိုပါက ခရီးလမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာမည် ဖြစ်ပါသည်။

(၂) ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးတွင်းရာသီတွင် လမ်းများပျက်စီးကာ သွားလာ၍ မရပါ ။ ပွင့်လင်းရာသီတွင်သာ သွားလာ၍ ရပါသည်။

(၃) ဧကရာဇ်ကျေးရွာသည် ရန်ကုန်-မန္တလေး ကားလမ်းမကြီးနံဘေးတွင် တည်ရှိသောကြောင့် အောင်လံမြို့ ၊ ဆင်ပေါင်ဝဲမြို့များနှင့် အခြားမြို့များသို့ သွားလာရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲမရှိပါ။

## (၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ အသုံးမပြုပါအကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ဧကရာဇ်ကျေးရွာသည် ရေဝတီမြစ်နှင့် အလှမ်းဝေးပါသည်။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၇၄ | ၁၈၃ | ၁ | ၁ | ၁၂ | - | ၂၀၂ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်**

(၁) ဧကရာဇ်ကျေးရွာတွင် မော်တော်ကား(၁၂)စီးရှိပြီး အောင်လံမြို့ ၊ မကွေးမြို့နှင့် အခြားမြို့များသို့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းများလုပ်ပါသည်။

(၂) ခရီးနီးသွားလာရာ၌ မော်တော်ဆိုင်ကယ်ကို အသုံးပြုကြပါသည်။

(၃) နွားလှည်းကို လယ်ယာထွက်ကုန်များ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင်သာ အသုံးပြုကြပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၂၅၁ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၂၂၉ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၄၈ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။**

(၁) မဟာဓါတ်အားလိုင်းဖြင့် မီးလင်းရေးလုပ်ငန်းအား ဆောင်ရွက်ဆဲဖြစ်ပါသည်။ ဆိုလာမီး သုံးစွဲသူ အိမ်ထောင်စု (၂၅၁) စုရှိပြီး ၊ အိမ်ထောင်စု (၂၂၉) စုသည် ဘတ္တရီမီးအား အသုံးပြုကြပါသည်။ ဘတ္တရီမီး အသုံးမပြုနိုင်သည့် အိမ်ထောင်စု (၄၈)စု ရှိပြီး ဖယောင်းတိုင်မီးအား အသုံးပြုကြပါသည်။

**(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ**

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၅၆၆ | ၁၃၄ | ၁၇၆ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။**

(၁) ကျေးရွာရှိအိမ်တိုင်းနီးပါး ဖုန်းရှိကြပါသည်။ PSI , SKY NET စသောစလောင်းများ (၁၇၆) ခု ရှိသည့်အတွက် သတင်းအချက်အလက်များကို လွယ်ကူစွာ သိရှိနိုင်ပါသည်။ သတင်းအချက်အလက်အများစုကို ဖုန်းများမှ ရရှိပါသည်။

(၂) ဇကရာဇ်ကျေးရွာတွင် ဆက်သွယ်ရေး အော်ပရေတာများဖြစ်သော MPT, Ooredoo,My Tel, Telenor များ ရှိနေသောကြောင့် ဆက်သွယ်ရေး ကွန်ယက် ကောင်းမွန်စွာ အသုံးပြုနိုင်ပါသည်။

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၂၉ | ၈၀ | ၂၀၉ |
| အလယ်တန်း | ၈၅ | ၇၂ | ၁၅၇ |
| အထက်တန်း | ၄၈ | ၄၈ | ၉၆ |
| တက္ကသိုလ်/ကောလိပ် | ၂၈ | ၃၄ | ၆၂ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော

ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

၁။ ကေရာဇ်ကျေးရွာတွင် ဂွတ်နေဘား(စ်) အဖွဲ့အစည်းမှ မူကြိုကျောင်းဆောင် တည်ဆောက်ပေးထားပါသည်။ မူကြိုတက်ရောက်နေသည့် ကျောင်းသား/သူ (၆၅)ဦး ရှိပါသည်။

၂။ မူလတန်းတွင် တက်ရောက်သည့် ကျောင်းသားဦးရေသည် ကျေးရွာရှိ မူလတန်းကျောင်းသားအရွယ် ကလေးငယ်၏ ရာနှုန်းပြည့် ဖြစ်ပါသည်။

၃။ အလယ်တန်းနှင့် အထက်တန်းတွင် ပညာသင်ကြားသည့် ဦးရေနည်းသွားရခြင်းမှာ မိသားစု စီးပွားရေး အဆင်မပြေ၍ မတက်နိုင်သောကြောင့် ဖြစ်ပါသည်။

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☑ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| ခ။ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | (၁၇၇၀၀) ပေ | | | | | | | | |
| င။အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့်☑ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| ဇ။ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☑ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဈ။ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၃ | ၁၆ | ၁၉ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**

၁။ ဇကရာဇ်ကျေးရွာတွင် အထက်တန်းကျောင်း ရှိပါသည်။ စာသင်ကျောင်းဆောင်(၆) ဆောင်တွင် (၄) ဆောင်မှာကောင်းပြီး ကျန် (၂) ဆောင်မှာ အနည်းငယ်ပျက်စီးနေပါသည်။

၂။ ဆရာ(၃)ဦး ၊ဆရာမ (၁၆)ဦးသာ ရှိသဖြင့် ကျောင်းဆရာ/မ အရေအတွက်အားနည်း၍ လုံလောက်မှုမရှိသေးပါ။

၃။ ကျောင်းသုံးပရိဘောဂအနေဖြင့် လုံလောက်မှုမရှိပါ။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ မိုးရာသီတွင် ကျေးရွာရှိ ကလေးသူငယ်များ၌ သွေးလွန်တုတ်ကွေးရောဂါ နှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါအဖြစ်များ အနည်းငယ်ဖြစ်ပွားတတ်ပါသည်။

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ကျေးရွာသို့ ကျန်းမာရေးဌာနမှ ဆရာမသည် လစဉ်လာရောက်ပြီး မိခင်နှင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေးထိုးနှံခြင်း ၊ ကျန်းမာရေးစစ်တမ်း ကောက်ယူခြင်းများ လာရောက် ပြုလုပ်ပါသည်။

၂။ ဂွတ်နေးဘားအဖွဲ့မှလည်း ကျန်းမာရေးနှင့် ပတ်သက်သော ရှောင်ရန် ဆောင်ရန်များကို သင်တန်းများ ပို့ချ၍ အသိပညာပေးခြင်း ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းများ ပြုလုပ်ပေးပါသည်။

### (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑ | ရှိ ☑<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑ | ရှိ ☑<br>မရှိ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ဇကေရာဇ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲသာရှိပြီး သားဖွားဆရာမ(၁) ဦးသာရှိပါသည်။ သားဖွားကိစ္စမှလွဲ၍ အခြားရောဂါများ ဖြစ်ပွားပါက အနီးဆုံးဖြစ်သော ကျေးရွာမှ (၁၇)မိုင်သာ ဝေးကွာသည့် အောင်လံမြို့သို့ သွားရောက်ကုသ ရပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၃၈၆ | ကောင်း☐ သင့်☑ ညံ့☐ | မိုး ၊ နွေ ၊ ဆောင်း |
| အဝီစိတွင်း/ စက်တပ် | ၃၉၅ | ကောင်း☐ သင့်☑ ညံ့☐ | မိုး ၊ နွေ ၊ ဆောင်း |
| အဝီစိတွင်း/ တုံ့ကင် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| ရေကန် | ၅၂၈ | ကောင်း☐ သင့်☑ ညံ့☐ | မိုး ၊ ဆောင်း |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်**

၁။ ဇကေရာဇ်ကျေးရွာတွင် သောက်သုံးရေအဖြစ် တွင်းရေ (ရေချို) ကိုသာ အသုံးပြုပြီး ၊ အဝီစိစက်ရေတွင်းရေ (ရေငန်) ကို သုံးရေအဖြစ် အများဆုံးအသုံးပြုပါသည်။

၂။ ရေကန်များမှရေကို တိရိစ္ဆာန်များ သောက်ရန်အတွက် အသုံးပြုပါသည်။

### (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၅၂၈ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | - |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

၁။ ဇေရာဇ်ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ယင်လုံအိမ်သာ သုံးစွဲသူများ ဖြစ်ကြပါသည်။

## (၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိရန် ခက်ခဲပါသည်။ |
| ၃ | ရေကြီးခြင်း | မရှိပါ။ |
| ၄ | မိုးခေါင်ခြင်း | မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးသီးနှံ ပျက်စီးမှုများ အားကြုံတွေ့ရပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ။ |
| ၆ | မုန်တိုင်း | ပျက်စီးမှုမရှိပါ။ |
| ၇ | လျှော် | ပျက်စီးမှုမရှိပါ။ |
| ၈ | မီးဘေး | နွေရာသီတွင် သတိပြုသုံးစွဲရပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | ပျက်စီးမှုမရှိပါ ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ လျော့နည်းလာပါသည်။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လောင်စာ ထင်းအဖြစ်သုံးစွဲမှု များသောကြောင့် သစ်ပင်ကြီးများ ရှားပါးလာပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ။ |
| ၁၃ | တီဘီရောဂါ | မရှိပါ။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | အနည်းငယ်သာရှိပါသည်။မိုးဦးကျ တွင် အဖြစ်များပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်

၁။ စိုက်ပျိုးရေ ရရှိမှုမရှိဘဲ မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးရသောကြောင့် မိုးခေါင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် သီးနှံစိုက်ချိန်နောက်ကြပြီး သီးနှံထွက်နှုန်းလျော့ကျခြင်းတို့နှင့် ကြုံတွေ့ရပါသည်။

၂။ ရာသီဥတုအမှန်ကန်ခြင်း နှင့် မြေဆီမြေသြဇာများ ညံ့ဖျင်းလာသောကြောင့် သီးနှံထွက်နှုန်းများ လျော့ကျခြင်း ၊ သီးနှံဈေးနှုန်းများ ကျဆင်းခြင်း နှင့် လုပ်သားခ ဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ နည်းပါးလာပါသည်။

## (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | တောင်ကုန်း၊တောင်ဖောင်းများ ရှိသည့်အတွက် မြေဆီလွှာ မထိန်းသိမ်းနိုင်ခြင်း။ |
| အပင်မျိုးစိတ်များ | နိမ့် | ထင်းသုံးစွဲမှုများသောကြောင့် အပင်မျိုးစိတ်များ ရှားပါးလာပါသည်။ |
| ရေအရင်းအမြစ် | နိမ့် | မြစ်ရေတင်စနစ်မရှိသေးပါ။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပါသည်။ |
| ငါးမျိုးကွဲများ | - | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်

၁။ တောင်ကုန်း ၊တောင်ဖောင်းများတွင် စိုက်ပျိုးရခြင်းကြောင့် မိုးရွာသွန်းချိန်များတွင် ရေတိုက်စားမှုများကြောင့် မြေဆီလွှာ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရပါသည်။

၂။ ထင်းသုံးစွဲမှုများသောကြောင့် အပင်မျိုးစိတ်များ ရှားပါးလာပြီး သစ်တောများအား အမှီပြုနေထိုင်သည့် ငှက်မျိုးစိတ်များလည်း ရှားပါးလာပါသည်။

## (၁၀ ) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☑ | မရှိ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ☑ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သောမိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ကျေးရွာပရဟိတ အဖွဲ့ ၊ ဂွတ်နေးဘား(စ်) ၊ ပက် စသည့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ထို့ပြင် ဘာသာရေးအသင်းအဖွဲ့များဖြစ်သည့် ဓမ္မစကြာအသင်း၊ ပရိတ်အသင်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။